**လူမျိုးသုဉ်းသတ်ဖြတ်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂအထူးအကြံပေးအရာရှိ Alice Wairimu Nderitu နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Michelle Bachelet တို့၏ မြန်မာနိုင်ငံအခြေအနေဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်**

နယူးယောက်/ဂျီနီဗာ (၂၀၂၂ ခုနှစ် မတ်လ ၂၈ ရက်) – မြန်မာစစ်တပ်ကြောင့် နိုင်ငံအနှံ့အပြား သေကျေဒဏ်ရာရမှုများ ထပ်မံဖြစ်ပေါ်ခဲ့ပြီး နောက်တစ်နေ့ တနင်္ဂနွေနေ့တွင် လူမျိုးသုဉ်းသတ်ဖြတ်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂအထူးအကြံပေးအရာရှိ Alice Wairimu Nderitu နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Michelle Bachelet တို့က မြန်မာနိုင်ငံတွင် ကြမ်းကြုတ်ရက်စက်သော ရာဇဝတ်မှုများ ဖြစ်ပွားနိုင်ခြေအန္တရာယ် မြင့်မားနေကြောင်း သတိပေးချက်တစ်ရပ်ကို ရှင်းလင်းပြတ်သားစွာ ထုတ်ပြန်ခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းယူခဲ့သည့်အချိန်မှစတင်၍ ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် မြန်မာစစ်တပ်က သေစေနိုင်သော အင်အားသုံး၍ စနစ်တကျ တိုက်ခိုက်မှုများ နေရာအနှံ့တိုးမြှင့်ပြုလုပ်နေမှုနှင့် အခြားသော ကြီးလေးပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆင့်မြင့်ကုလသမဂ္ဂအရာရှိနှစ်ဦးက ပြင်းထန်စွာ ရှုတ်ချခဲ့ပါသည်။ လူပေါင်းထောင်နှင့်ချီ၍ တရားလက်လွတ် ဖမ်းဆီးခြင်းခံခဲ့ရပြီး အများအပြားသည် မည်သည့်နေရာတွင် ရောက်ရှိနေကာ မည်သည့်အခြေအနေရှိကြောင်း မိသားစုများမှ သိရှိခွင့်မရသည့်အဖြစ်နှင့် (enforced disappearance) ကြုံတွေ့နေရပါသည်။ ယုံကြည်စိတ်ချရသော သတင်းပေးပို့မှုများအရ စနေနေ့တွင် လုံခြုံရေးတပ်ဖွဲ့များ၏ သတ်ဖြတ်မှုကြောင့် ကလေးငယ် ၇ ဦးအပါအဝင် အနည်းဆုံး လူပေါင်း ၁၀၇ ဦး သေဆုံးခဲ့ရသည်ဖြစ်ရာ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ဆန္ဒပြမှုများ စတင်ခဲ့သည့်နောက်ပိုင်း သေဆုံးမှုအများဆုံး နေ့တစ်နေ့ ဖြစ်ခဲ့ပြီး ရရှိထားသည့်သတင်းများကို အတည်ပြုနိုင်ပါက သေဆုံးသူအရေအတွက်သည် ထပ်မံတိုးမြင့်လာဖွယ် ရှိနေပါသည်။ နိုင်ငံတစ်ဝှမ်းရှိ နေရာပေါင်း ၄၀ ကျော်တွင် စနစ်တကျ အကွက်ချဆောင်ရွက်သည်ဟု ယူဆဖွယ်ရှိသည့် တိုက်ခိုက်မှုများအတွင်း ဒဏ်ရာရှိခဲ့သူများမှာ ရာနှင့်ချီ၍ ရှိသကဲ့သို့ ဖမ်းဆီးထိန်းသိမ်းခံရသူများလည်း အများအပြား ရှိခဲ့ပါသည်။

Bachelet နှင့် Nderitu တို့က စစ်တပ်အနေဖြင့် ၎င်းတို့ အလုပ်အကျွေးပြု၍ ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည့် ပြည်သူများအား သတ်ဖြတ်နေခြင်းကို ချက်ချင်းရပ်တန့်ကြရန် တိုက်တွန်းလိုက်ပါသည်။

"ထွက်ပြေးလွတ်မြောက်ဖို့ ကြိုးစားနေတဲ့ ဆန္ဒပြသူတွေကို စစ်တပ်နဲ့ရဲက သေနတ်နဲ့ပစ်ခတ်တဲ့ မှတ်တမ်းဗီဒီယိုတွေ၊ ကလေးငယ်တွေကိုတောင်မချန် ရန်ပြုတိုက်ခိုက်နေတာကို ရိုက်ထားတဲ့ မှတ်တမ်းဗီဒီယိုတွေအရ စစ်တပ်နဲ့ရဲတပ်ဖွဲ့ရဲ့လုပ်ရပ်တွေဟာ ရက်ဖွယ်ကောင်းလှပြီး သူရဲဘော ကြောင်လှတဲ့ ကြမ်းကြုတ်ရက်စက်တဲ့ လုပ်ရပ်တွေဖြစ်ပါတယ်။ ဒါတွေကို ချက်ချင်း ရပ်တန့်ရမှာ ဖြစ်တယ်။ မြန်မာပြည်သူတွေကို ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကနေ ကာကွယ်စောင့်ရှောက် ပေးဖို့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ တာဝန်ရှိပါတယ်။" ဟု Bachelet နှင့် Nderitu တို့က ပြောကြားခဲ့ပါသည်။

အထူးအကြံပေးအရာရှိနှင့် မဟာမင်းကြီးတို့က လုံခြုံရေးကောင်စီအနေဖြင့် ၂၀၂၁ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ၎င်းတို့၏ ထုတ်ပြန်ချက်ပေါ်တွင် အခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များကို ဆောင်ရွက်ကြရန်နှင့် အာဆီယံနှင့်တကွ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာပြည်သူများကို ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများမှ ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်နှင့်အညီ လက်တွေ့အရေးယူဆောင်ရွက်မှုများကို အချိန်မဆိုင်းပြုလုပ်ကြရန် တိုက်တွန်း လိုက်ပါသည်။ နိုင်ငံတစ်နိုင်ငံသည် ၎င်း၏ ပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးရန် အဓိကတာဝန် ရှိသည်မှန်သော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းသည်လည်း ထိုတာဝန်ကို မျှဝေထမ်းဆောင်ကြရမည် ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံမှ ထိုတာဝန်ကို ထမ်းဆောင်ရန် ပျက်ကွက်ကြောင်း ပေါ်လွင်ထင်ရှား လာသည့်အခါမျိုးတွင် နိုင်ငံတကာအသိုင်းအဝိုင်းသည် "ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ကြုံတွေ့နေရသော အရပ်သားပြည်သူများကို ကာကွယ် စောင့်ရှောက်ရန်အတွက် ကုလသမဂ္ဂပဋိညာဉ်စာချုပ်နှင့်အညီ အချိန်မနှောင်းမီ စုပေါင်း၍ အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်သင့်ပါသည်။"

မြန်မာနိုင်ငံတွင် ပြစ်မှုကျူးလွန်သော်လည်း ပြစ်ဒဏ်မခံရဘဲ လွတ်မြောက်နေသည့် စနစ် ဆုံးခန်း တိုင်အောင် လုပ်ဆောင်ကြရမည်ဟု Nderitu နှင့် Bachelet တို့က တိုက်တွန်းခဲ့ပါသည်။ "ယခင်က ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိအောင် ဆောင်ရွက်ပြီး နောင်တွင်လည်း အကြီး လေးဆုံး နိုင်ငံတကာပြစ်မှုများကို ကျူးလွန်ရဲခြင်း မရှိတော့အောင် တားဆီးကြရမည်" ဟု အဆင့်မြင့်အရာရှိနှစ်ဦးကဆိုပါသည်။ "ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများအပေါ် ကျူးလွန်ခဲ့မှုများ အပါအဝင် စစ်တပ်၏ ယခင်က ကျူးလွန်ခဲ့သော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခဲ့မှုကြောင့် မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ ဆိုးရွားလှသည့် အခြေ

အနေနှင့် ကြုံတွေ့စေခဲ့သည်။ စစ်တပ်အား တာဝန်ခံမှုရှိစေခြင်းနှင့် အခြေခံကျသော ပြုပြင်ပြောင်းလဲမှုများ မပြုလုပ်ဘဲ ရှေ့ဆက်သွားနိုင်မည့်နည်းလမ်း မရှိပါ။”

နိုင်ငံတွင် ပြစ်မှုကျူးလွန်ထားသော်လည်း ပြစ်ဒဏ်ခံရမှု မရှိသည့် အစဉ်အလာကို တိုက်ဖျက်ပစ်ရန်အတွက် ဘက်ပြောင်းလာသော အစိုးရအရာရှိများ၊ ရဲနှင့် စစ်ဘက်ဆိုင်ရာ အရာရှိများအပါအဝင် သက်ဆိုင်သူများအားလုံးအနေဖြင့် နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် လူ့အခွင့်အရေးကောင်စီ၏ သီးခြားလွတ်လပ်သော မြန်မာ နိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးယန္တရားတို့အပါအဝင် နိုင်ငံတကာ ယန္တရား များနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် အဆင့်မြင့်အရာရှိနှစ်ဦးက တိုက်တွန်းထားပါသည်။

လက်ရှိအခြေအနေသည် ရိုဟင်ဂျာများအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မူလကတည်းက ထိခိုက်လွယ်ပြီးဖြစ်သော တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများအပေါ် အန္တရာယ်ကျရောက်နိုင်ခြေ ပိုမိုမြင့်မားလာစေပါသည်။ လူ့အခွင့်အရေးကောင်စီမှ ဖွဲ့စည်းပေးထားသော သီးခြားလွတ်လပ်သည့် မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ မှတ်တမ်းများအရ ထိုသူများသည် မြန်မာစစ်တပ်၏ လက်ထဲတွင် ဆိုးရွားလွန်းလှသည့် အကြမ်းဖက်မှုများကို ခံစားခဲ့ရသည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

“လက်ရှိအခြေအနေကြောင့် အဲ့ဒီလူအုပ်စုတွေအပေါ် သက်ရောက်နိုင်မှုတွေကို ကျွန်ုပ်တို့အနေနဲ့ စိုးရိမ်မကင်းဖြစ်လျက်ရှိပြီး ဖြစ်ပေါ်ပြောင်းလဲမှုတွေကို အနီးကပ် စောင့်ကြည့်လေ့လာနေပါတယ်။ ရိုဟင်ဂျာတွေအပါအဝင် လူနည်းစုအုပ်စုတွေရဲ့ အခွင့်အရေးတွေကို အပြည့်အဝ လေးစားကြရမှာဖြစ်တယ်။” ဟု ကုလသမဂ္ဂအရာရှိနှစ်ဦးက ပြောပါသည်။ ၎င်းတို့က စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများအတွင်း မတူကွဲပြားသော အုပ်စုအမျိုးမျိုး ပူးပေါင်းပါဝင်နေမှုကို သတိပြုမိကြပြီး လူမျိုး၊ ဘာသာ မတူသည့် အုပ်စုများကြား ကွဲပြားမှုများကို ကျော်လွှား၍ ယခင်ကနှင့် မတူစည်းလုံးညီညွတ်မှု ရှိလာခြင်းကိုလည်းကောင်း၊ ရိုဟင်ဂျာများအပါအဝင် လူနည်းစုအုပ်စုများ အပေါ် အတိတ်က ကျူးလွန်ခဲ့သည့် ပြစ်မှုများအား လက်ခံအသိအမှတ်ပြုမှုများ တိုးပွားလာမှုကို လည်းကောင်း ကုလသမဂ္ဂအဆင့်မြင့်အရာရှိနှစ်ဦးက အားပေးကြိုဆိုခဲ့ကြပါသည်။

ပြီး။